၃-၂ မေးခွန်း ၃က မရှင်းဘူးဖြစ်သွားမယ်ထင်ပါတယ်

ခရစ်ယာန်မှာ သံသရာမရှိ မညွှန်းဆိုထားလို့ အစ ဟာ ဒီကမ္ဘာအစကိုသာကျွန်တော် ဆိုလိုခဲ့တာပါ။

ဗုဒ္ဓဘာသာမှာ သံသရာရှိလို့ အစဆိုတာ သံသရာအစကို မသိအပ်လို့ပြောတာဖြစ်ပါတယ်။
ကမ္ဘာအစကို မသိအပ်လို့ မဟောခဲ့ပါ။ ကမ္ဘာအစဟောခဲ့ပုံကို လဲ လေ့လာဖူးပါတယ်။
မေးခွန်းမရှင်းလင်းဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ်။

ရှင်းပြချက်အချို့ကို ပြန်လည် ဆွေးနွေးထားပါတယ်။

၁။ ဂေါတမဘုရားက သံသရာအစလဲသိပါတယ် ဟောကြားရင် ဉာဏ်မမီဘူးဆိုတဲ့ ခေတ်အခြေအနေ ကြောင့် ဖြစ်ဟန်တူတယ်ဆိုပေမယ့်။ သံသရာအစ အကြောင်း သိစရာမလိုပဲ (သို့) ဟောစရာ မလိုအပ်ပဲ.နိဗ္ဗာန် ရောက်နိုင်သော ကျင့်ကြံစရာနည်းလမ်းများ ဟောကြားသွားပါတယ်။
ထို့ကြောင့် အကယ်လို့သာ ရှင်ဂေါတမဟာ မိုဟာမက်ကဲ့သို့ ဉာဏ်စဉ်တော်ဆောင်တစ်ပါးသာဆိုရင် သူဟာ အလ္လာဟ်အကြောင်း တလုံးတပါဒမှ မပါပဲ နိဗ္ဗာန်ရောက်အောင်ပို့ခဲ့ပါ့ဘီ။ ဒါဆို အခု အစ္စလာမ် ဘာသာမှာ ဘာကြောင့် အလ္လာဟ်ကို ရှိခိုးဖို့ ယုံကြည်ဖို့ လိုအပ်နေတာလဲ။ အခုတစ်ခါမှာက အလ္လာဟ်က ကယ်မှာလား.(အစ္စလာမ်က ကယ်တင်ရှင် ဝါဒ မဟုတ်ဘူးလို့လဲ ငြင်းထားပါတယ် ထို့ကြောင့် ဆွေးနွေးစရာများ ကျန်နေပါ တယ်)
ဒီနေရာမှာ နိဗ္ဗာန်ဆိုတာကို ရှုပ ဘယ်လိုနားလည်ထားသလဲ သိပါရစေ။ နိဗ္ဗာန်ကို ဖွင့်ဆိုချက်နဲ့ အလ္လာဟ်၏ အရိပ် (အာရ်ဗီလို-ဆွေဖတ်) ထံသို့ ပြန်လည်ပေါင်းစည်းခြင်း ဆိုတာကို နားလည်မယ် ဆိုရင် အလ္လာဟ်ဆိုတဲ့ အာရ်ဗီ ဝေါဟာရကို ကိုယ်တော်ဂေါတမ ပြောမသွားပေမယ့် အဓိပ္ပါယ်တူတာကို ပြောသွားတယ်လို့ ရှုပ နားလည်သွားမှာပါ။
ရှုပ အနေနဲ့ နားလည်မှုတွေ၊ ခံစားမှုတွေ ကွာဟနေမယ်ဆိုတာ ကျွန်တော် ကြိုသိခဲ့ပါတယ်။ ဒီအတွက် လည်း ရှုပအပါအဝင် ဗုဒ္ဓဘာသာ တွေမှာ အပြစ်မရှိဘူး၊ မြန်မာစကား၊ မြန်မာစာနဲ့ မြန်မာဘာသာရေး ဝေါဟာရတွေကို မနိုင်နင်းခဲ့တဲ့ ကျွန်တော် အစ္စလာမ် ဆရာတော်ကြီးများရဲ့ အားနည်းချက်များသာ ဖြစ်ပါတယ်။ အချို့ မြန်မာ့ သွေးစစ်စစ် ပညာရှင်ကြီးတွေ ရှိခဲ့ပေမယ့်- သူတို့ခမြာတွေ အိန္ဒိယနွယ်ဘွားတွေ ကို မကျော်လွှန်နိုင်ခဲ့ဘူးလေ။ တကယ်တော့- ဒီအချက်ဟာ မြန်မာလူမျိုးတွေအတွက် နစ်နာချက် တစ်ခုဖြစ်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ အစ္စလာမ်မြန်မာအုပ်စုက ကြိုးစားနေတာပါ။ ညီအစ်ကိုသားချင်းတွေအတွက် စေတနာ သက်သက်နဲ့ ပါ။ ညီအစ်ကိုသားချင်းတွေ အချင်းချင်းမှု နားလည်မှုတည်ဆောက်ပြီး ငြိမ်းချမ်းတဲ့ အဝိုင်းအဝိုင်းတစ်ခု ဖြစ်စေချင်ပါတယ်။
၂။ နောက်တစ်ခုက ရှင်ဂေါတမရော ယေရှုရော စသဖြင့် ဘာသာများက နောက်မှာ ပွင့်ပေါ်ရန် ဉာဏ် စဉ်တော် တစ်ပါး ကျန်တယ်ဟောခဲ့ပါတယ်။ ဒါပေမယ့် ဗုဒ္ဓခေတ်နဲ့ ယေရှုခေတ်ကနစ် ၅၀၀ ကျော် ကွာပါတယ်။ အခြား ဘာသာများမှာလဲ ခေတ်ကာလ ကွာခြားမှုရှိနေပါတယ်။  ဒါဆိုရင် ရှင်ဂေါတမက မိုဟာမက် မတိုင်ခင် ပွင့်မယ့် ဉာဏ်စဉ်တော်ဆောင် ယေရှုအကြောင်း မပြောခဲ့တာလဲ. ဖြစ်သင့်တာက နှစ်ပါး ပွင့်ရန်ကျန်တယ်လို့ ပြောခဲ့သင့်တာပေ့ါ။
ကိုယ်တော် ဂေါတမပြောတာမှာ တရားတော် အလုံးစုံ (ပဋိသမ္ဘိဒါခေတ် မကုန်စေနိုင်သော တရားတော်) ကို ဟောကြားမယ့် နောက်ဆုံး ဗုဒ္ဓလို့ ဆိုပါတယ်။ အဲ့ဒီအတွက် ကြားမှာ ဗုဒ္ဓအဆင့်တွေ ရှိသူတွေ မပွင့်ရဘူးလို့ ပိတ်ပင်တား

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

မြစ်ခဲ့ခြင်း မရှိဘူးလေ။ လောက အရပ်မျက်နှာတိုင်းမှာ ဗုဒ္ဓတွေ ရှိတယ်လို့ ထေရာအပါဒါန် ဗုဒ္ဓဝင် ၆၉ မှာ ပြောထားပါတယ်။

မောရှေကို ဖြစ်စေ၊ ဂေါတမကို ဖြစ်စေ၊ ယေရှုကို ဖြစ်စေ၊ မုဟမ္မဒ်ကို ဖြစ်စေ (ထိုကိုယ်တော်များအား မေတ္တာပို့ပါ၏) ပုဂ္ဂိုလ်စွဲ မထားဘဲ အရင်လေ့လာသင့်ပါတယ်။ ကိုယ်တော်ယေရှုက ကိုယ်တော် ဂေါတမ နောက်မှ ပွင့်ခဲ့ပေမယ့် သူကိုယ်တိုင်လည်း အလုံးစုံကို ပြည့်စုံသော တရားကို ဟောခဲ့သူ မဟုတ်ကြောင်း၊ သူ့နောက်တွင် သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသည့် ဥပဇ္ဈယ်ဆရာသည် လာဦးမယ်၊ အလုံးစုံသော တရားကို သင်တို့အတွက် ဟော ပြောဦးမယ်လို့ ပြောခဲ့ပါတယ်။ (ရှင်ယောဟန် ၁၅း၂၆။ ၁၆း၇--၁၅)

မောရှေကလည်း ဓမ္မဟောင်း တရားဟောရာကျမ်း ၁၈း၁၈ မှာ သူနဲ့တူသော ပရော်ဖက်တစ်ပါး ပွင့်ဦးမယ်လို့ ဆိုထားပါတယ်။

ဟိန္ဒူ ကလ်ကိပရမ်ကျမ်းမှာ နောက်ဆုံး ဆယ်ပါးမြောက် ဘုရား ပွင့်ဦးမယ်လို့ ဆိုပါတယ်။ အဲ့ဒီကျမ်းမှာ မိဘ အမည်၊ ပွင့်မယ့်ဒေသ၊ ပွင့်မည့်ခေတ်၊ အမည် အတိတ်နိမိတ် အားလုံး ကိုယ်တော်မုဟမ္မဒ်နဲ့ တူနေပါတယ်။

ကိုယ်တော်မုဟမ္မဒ်ရဲ့ ရှေ့မှာ ပွင့်ပေါ်ခဲ့တဲ့ ထင်ရှားတဲ့ ဘာသာတရားကြီးတွေ အားလုံးက ကိုယ်တော်တွေ အားလုံးက နောက်ဆုံး ပြည့်စုံသော တရားကို ဟောမည့်သူ ပွင့်ဦးမယ်ဆိုတာကို အစည်းအဝေးထိုင်ပြီး ဆုံးဖြတ် ချက်ချ ပြောခဲ့တာ မဟုတ်ပါဘူး။ တိုက်ဆိုင်တယ်ဆိုလည်း တစ်ပါးနှစ်ပါးဆိုရင် ဖြစ်နိုင်တယ်။ အခုပွင့်ပေါ်ခဲ့ သမျှ ကိုယ်တော်တွေက တစ်သံတည်း ပြောခဲ့တာပါ။( ဦးဌေးလွင်ဦး ဘာသာပြန်ရဲ့ ၄၇း၁ အောက်ခြေရှင်းတမ်းကို အနည်းငယ် ဖတ်ကြည့်စေလိုပါတယ်။)

ဉာဏ်စဉ်တော်ဆောင်တွေဟာလဲ ရှေ့က ဉာဏ်စဉ်တော်ဆောင် ဘယ်သူဘယ်ဝါ အကြောင်း ပြောကြားထား ပါတယ်။ ဥပမာ ကိုအာမ်ကျမ်းမှာ ယေရှု အကြောင်းပါပါတယ်။ သို့ပေမယ့် ခရစ်ယာန် သမ္မာကျမ်းနဲ့ ကိုအာမ် ကျမ်း နှစ်ခုလုံးမှာ မောရှေ ( ကုံအာမ် ကျမ်းတော် မြန်မာပြန်ထဲမှာ  ကောဏဂုံလို့ ညွှန်းဆိုနိုင်တယ်လို့ပြောတဲ့) ဉာဏ်စဉ် တော်ဆောင်သာ ပါပြီး ရှင်ဂေါတမ ပျောက်နေပါတယ် စသဖြင့် အချက်အလက်များ ရှေ့နောက် မညီ ခြင်းကြောင့် ၄င်းဘာသာ ၃ ခုဟာ တစ်ကိုင်းထဲက မဟုတ်ဘူးလို့ ကျွန်တော်တော့ယူဆပါတယ်။ (အခြား အယူအဆများ ဟော ကြားချက်များ ခြားနားမှုများ ရှိနေတာလဲပါပါတယ်။)

ကိုယ်တော်ဂေါတမကို ကုရ်အံကျမ်းတော် (၂၁း၈၅။ ၃၈း၄၈) မှာ သဘာလ်ကဖ်လိ (ကပိလပြည့်ရှင်)လို့ ဖေါ်ပြပါ တယ်။ အကျယ်ရှင်းလင်းချက်ကိုတော့ islammyanmar.com ထဲက အပါတ်စဉ် ဗဟုသုတမှာ ဗုဒ္ဓကို မြတ်နိုး တန်ဘိုးထားကြ ဆိုတဲ့ ခေါင်းစဉ်လေးကို ဖတ်စေလိုပါတယ်။

ထို့ကြောင့် မိုဟာမက်က သူ့ကိုယ်သူ နောက်ဆုံးဉာဏ်စဉ်တော်ဆောင်လို့ ပြောတဲ့အခါ သူပြောတိုင်း မယုံ ကြည်ပဲ ချင့်ချိန်စဉ်းစားကြရပါမယ်။ ဗုဒ္ဓဘာသာက လဲသူ့ကျမ်းနဲ့ သူ့သဘောတရားများနဲ့ မိုဟာမက်ဟောကြား ချက်များနဲ့ ချိန်ထိုးကြည့်ပါမယ်။ ခရစ်ယာန်ကလဲ သမ္မာကျမ်းနဲ့ ယေရှုဟောပြောချက်တွေနဲ့ကိုက်ကြည့်ပါမယ်။ ထို့အတူ ဂျူး၊ ဟန္ဒူတို့လဲ တိုက်ကြည့်ကြပါမယ်။ ဒါမှသာ ဟုတ်မဟုတ် သိနိုင်မှာဖြစ်ပါတယ်။

တော်တော်ကောင်းတဲ့ စူးစမ်းလေ့လာမှုလို့ ယူဆပါတယ်။ ကုရ်အံကလည်း အဲ့ဒီလို လေ့လာချက်မျိုးကို ဖိတ် ခေါ်ပါတယ်။ အဲ့ဒီတော့မှ လောကမှ ပွင့်ပေါ်ခဲ့တဲ့ ဉာဏ်စဉ်ဆောင်တွေရဲ့ တန်ဘိုးကို ပိုပြီးနားလည်ခံစားလာမယ် လို့ ကျွန်တော်ယုံကြည်ပါတယ်။ အခုမိရိုးဖလာ လောကသားတွေက ကိုယ်တော်မုဟမ္မဒ်ကို လက်ခံလိုက်ရင် ကိုယ်တော် ဂေါတမကို တန်ဘိုးထားရမှန်း မသိဘူး။ အလားတူပဲ ကိုယ်တော်ဂေါတမကို လက်ခံထားသူတွေက ကိုယ်တော်ယေရှုနဲ့ ကိုယ်တော်မုဟမ္မဒ်တို့ကို လေးစားတန်ဘိုးထားရမှန်း မသိဘူး ဖြစ်နေကြတယ်။ သူ့ဘုရား မြတ်တယ်၊ ငါ့ဘုရားသာတယ် ရန်ဖြစ်နေကြတယ်။ ငြိမ်းချမ်းရေးကို ဟောခဲ့တဲ့ ကိုယ်တော်တွေရဲ့ အရိပ်အောက် မှာ လူသားအချင်းချင်း မီးတိုက်နေကြတယ်လေ-။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

၃။ ဗုဒ္ဓက လူသားများ ဉာဏ်မမီလို့ ချန်ထားတဲ့ တရားများရှိတယ် ဆိုတာ လက်ခံနိုင်ပါတယ်။ ဒါဆို ဉာဏ်မီတဲ့တရားများလဲဟောကြားခဲ့တယ်ဆိုတာ လက်ခံနိုင်မှာပါ။

ကုရ်အံကို နားလည်ခြင်းဖြင့် လက်ခံသူတိုင်း ကိုယ်တော်ဂေါတမဟာ သစ္စာတရားကိုသာ ဟောပြောခဲ့တဲ့ ဉာဏ်စဉ်ဆောင် ဖြစ်တယ်၊ ကိုယ်တော်ပြောခဲ့တာမှာ လူသားတွေအတွက် ဒုက္ခဖြစ်စေမှာကို မပြောခဲ့ဘူး။ ဆိုတာတွေကို လက်ခံပါတယ်။ (အများစုကြီးကတော့– အများစုကြီးပါပဲ၊ ပါဠိတရားတော်တွေကို နားမလည်ဘဲ ဗုဒ္ဓဘာသာတွေရှိသလို၊ အင်္ဂျီတရားတော်တွေကို နားမလည်တဲ့ အစ္စလာမ်တွေလည်း အများကြီးပါ။ သူတို့ကိုတော့ နားလည်ပေးရမှာပေါ့။)

ဗုဒ္ဓတရားတော် (သင်ပြောသောမူကြို သဘောတရားများ)များ ကိုအာမ်ကျမ်းမှာ မပါပါဘူး။

ဘယ်အကြောင်းအရာတွေ မပါဝင်တာလဲ ခင်ဗျာ။ (ဖြေပေးစေချင်ပါတယ်)

ထို့ကြောင့် အစ္စလာမ် ဘာသာက မူကြိုကို ကျော်ပြီး အော်ဂင်းနစ်ကို သင်ပေးနေသလို ဖြစ်မနေဘူးလား။ ဒါဆိုရင်တော့ အစ္စလာမ်ဘာသာဝင်တွေအနေနဲ့ မူကြို သဘောတရားဖြစ်တဲ့ ဗုဒ္ဓဘာသာကို လေ့လာသင့်တာပေါ့။

မှန်တာပေါ့။ ကုရ်အံက လေ့လာဘို့ ကျက်မှတ်ဘို့၊ ရှေးကကိုယ်တော်တွေကို တန်ဘိုးထားဘို့။ ကုရ်အံကျမ်းရဲ့ နေရာ အများကြီးမှာ ပြောဆိုထားပါတယ်။ ခက်တာက လူတွေလေဗျာ– နောက်ဆုံးပေါ်ကားတွေ စီးနေရတော့ ပထမကမ္ဘာစစ်က ကားကို လှည့်တောင် မကြည့်ချင်တဲ့ သဘောပါ။ တကယ်တော့ နောက်ဆုံးပေါ်ဆိုတာ ပထမ ဦးဆုံးပေါ်ခဲ့တာက ဖြစ်တည်လာတာပါ။ ဒါတွေကို လူသားအများစုကြီးက ဘယ်လို ပြန်လှန်စောကြောနေမှာလဲ– ဒီကိစ္စက ပညာရှင်တွေရဲ့ ကိစ္စသာ ဖြစ်နေတော့တယ်လေ။

အလုံးစုံ တရားဟောမယ့် နောက်ဆုံးဉာဏ်စဉ်တော်ဆောင်ဖြစ်ပါကလဲ. ရှေ့နောက်အလည် တရားများကို စုစည်းပြီး ကိုက်ညီပေးခြင်းပြုလုပ်ခဲ့သင့်တာပေါ့။

ဒီအတွက်တော့ ကိုယ်တော်မုဟမ္မဒ်က တာဝန်ကျေပါတယ်။ ကုရ်အံကို ဖတ်ကြည့်ပါ။ ပြီးတော့ ပိဋကတ်တော် နဲ့ သမ္မာကျမ်းစာကိုပါ ဖတ်ထားဘို့တော့လိုပါတယ်။ ပိဋကတ်တော်နဲ့ သမ္မာကျမ်းစာကို မဖတ်ဘူးသူက ကုရ်အံကျမ်းဟာ ရှေးနောက်ကျမ်းတွေနဲ့ စပ်ဟပ်မှု ရှိမရှိ ဘယ်လို နားလည်နိုင်မှာလဲ။

အမှန်တကယ်ဆို ကျွန်တော်ဒီလောက်ပြန်ရှင်းပြစရာမလိုဘူးထင်ပါတယ်။ ကိုထွန်းထွန်းအောင်လဲ အတော် အတန် လေ့လာပြီးသူပါပဲ.သင်ကြားတဲ့ တရားသဘောများ (အနှစ်သာရ သဘောတရား )များ မတူတာကို သိမှာ ပါ။

ကျွန်တော်တွေ့သလောက်တော့ အနှစ်သာရတွေ တူနေပါတယ်။ အဲ့ဒီအနှစ်ကို အပြင်က ကာရံထားတဲ့ အကာတွေ အခွံတွေ မတူတာကိုပဲ တွေ့ရပါတယ်။ ကျွန်တော့ လေ့လာချက်အားနည်းနေတာ ဖြစ်ချင်ဖြစ်မှာပါ။ ရှုပအနေနဲ့ အနှစ်သာရ မတူတာတွေကို နည်းနည်းလောက် ရှင်းပြပါလား။

ဥပမာ– ရှင်ဂေါတမဟာ လောကမှာ အကြောင်းမဲ့ဖြစ်တာ ဘာမှ မရှိဟောကြားခဲ့သလို အကြောင်းက ဘာလဲဆိုတာကိုလဲ ပြောခဲ့ပါတယ်။ (ကြောင်းကျိုးတရား ပဋိစ္စသမုပ္ပါဒ်) တရားကို ကြည့်ပါ၊ အကြောင်းတရားအများအပြားဟောသွားခဲ့ပါတယ်။ အစ္စလာမ်က အကြောင်း အားလုံးကိုစုပြီး ဇစ်မြစ်ဟာ အလ္လာဟ်လို့ဆိုပါတယ်။

ဗုဒ္ဓဘာသာက ၎င်း အကြောင်းတရားတွေကို ဖြတ်ဖို့ ရည်ရွယ်ပြီးတရားတွေဟောခဲ့တယ်။

နောက်ဆုံးဇစ်မြစ်နဲ့ ပထမဆုံးဇစ်မြစ်ဟာ တစ်ထပ်တည်း တူမနေဘူးဆိုရင် သံသရာဆိုတာ ဒေါင်လိုက်လား၊ လည်ပတ်မှုလား အရင်စဉ်းစားစေချင်ပါတယ်။ အစ္စလာမ်ကတော့ နောက်ဆုံးနဲ့ ပထမဆုံးဟာ တစ်ထပ်တည်း တူနေပါတယ်။ ဘုံအဆင့်ဆင့်ဆိုတာက အလည်က သီးခြားပါ။ ပဋိစ္စသမုပ္ပါဒ်ကို ရှုပဘယ်လိုနားလည်သလဲ ရှင်းပြပေးနိုင်မလား။ **အဝိဇ္ဇာဆိုတာ မဖုံးလိုက်ရင်**– စိတ်ဟာ နဂိုပထမ ဖြူစင်နေတဲ့ ပကတိ အတိုင်းပဲ မဟုတ်လား။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အဲ့ဒီ မူလပကတိအတိုင်း အဖြူထည်ကို အဖြူထည်အတိုင်း သန့်စင်ထားနိုင်ရင် ကြားက ဘုံတွေကို ဖြတ်သန်း ဘို့ လိုပါသေးသလား။–– အဝိဇ္ဇာဆိုတာ မဖုံးမီ ပကတိ အခြေအနေနဲ့၊ နောက်ဆုံး ပကတိ အခြေအနေကို နား လည် သူအတွက် အလ္လာဟ်ဆိုတာကို နားလည်သွားမှာပါ။ (ဝေါဟာရ အရ မဟုတ်ဘူးနော်၊ အဲ့ဒီအခြေအနေကို အချို့က **ဟာ့က်** လို့ခေါ်တယ်။ ပရမတ္ထသစ္စာပေါ့။)

အစ္စလာမ်က ၎င်း အကြောင်းတရားတွေရဲ့ ဖစ်မြစ် (အလ္လာဟ်)ကို ယုံကြည်ခိုင်းတယ် ရှိခိုးကိုးကွယ်ခိုင်းပါတယ်။

ကျိုး၊ကြောင်း ဝေါဟာရမဲ့ နိဗ္ဗာန် ဆိုတာ ရှိတယ်လို့ မယုံကြည်ရင် နိဗ္ဗာန်ကို ရောက်အောင် ဘယ်လိုချည်းကပ် မလဲ။ နိဗ္ဗာန်ဆိုတာကို အရင်ခံစားမိသည်ထိ နားလည်အောင်ကြိုးစားပါ။ အလ္လာဟ်ကို နားလည်လာပါလိမ့်မယ်။ ဒီတော့ ယုံကြည်ခိုင်းတယ်ဆိုတာ– မှန်ပါတယ်။

ဒါပေမယ့် ကိုးကွယ်ခိုင်းတယ်ဆိုတာ စကားလုံးနည်းနည်း အားနည်းနေပါတယ်။ ဒီစကားလုံးကို မရှင်းမီ– ကိုး ကွယ်တယ်ဆိုတဲ့ မြန်မာ စကားကို ရှူပ ဘယ်လိုနားလည်ပါလဲ– ဆွေးနွေးပေးနိုင်မလား။ ရှူပဆိုလိုတဲ့ ကိုးကွယ် တယ်ဆိုတာ သရဏဂုံတည်တာလား။ ပူဇော်တာလား။ နာထ (နာထော) လုပ်တာလား၊ ဂစ္ဆာမိ လုပ်တာလား တာတွေ အားလုံး ရောပွန်းပြီးပြောတာလားပေါ့။။

၄။ သံသရာ လည်ပတ်ပုံကို ဟိန္ဒူနဲ့ ဗုဒ္ဓဘာသာ တွေက ဘဝ မျိုးစုံ ကျင်လည်နေကြတယ်လို့ အဆိုပြုကြပါ တယ်။ ၎င်းက လက်တွေ့ မမြင်ရတဲ့အတွက် သက်သေပြဖို့ခက်တယ်ဆိုတာ မှန်ပေမယ့် အလ္လာဟ်ရှိခြင်း ထာဝရ ဘုရား ရှိခြင်းကိုတောင် သက်သေမရှိပဲ လက်ခံနိုင်ကြပါတယ်။ ဒီအဆို ပြုချက် (Assume) တစ်ခုအနေနဲ့ လက်ခံစဉ်းစား နိုင်ပါတယ်။

အလ္လာဟ်ဆိုတဲ့ ဉာဏ်စဉ်ဖစ်မြစ်ရှိတယ်ဆိုတာ ကျိုးကြောင်း ယုတ္တိနဲ့ လက်ခံတာပါ။ (ကျွန်တော့ ခံစားချက်ကို ပြောတာနော်)။ ဉာဏ်စဉ်ဆောင်တွေ ဆွတ်ခူးဆိုက်မြိုက်တဲ့ ဉာဏ်စဉ်ဆိုတာကို နားလည်ဘို့တော့ လိုလိမ့်မယ်။

ဥပမာ– ကုရ်အံထဲမှာ ۞ وَالشَّمْسِ وَضُحَاهَا နေ၊ သူ၏ ကိုယ်ပိုင်အလင်းအားဖြင့်။ ۞ وَالْقَمَرِ إِذَا تَلَاهَا လ၊ သူမ သည် သူ့ထံမှ ချေးငှားတောက်ပခြင်းဖြင့်– လို့ (၉၁း၁၊၂) မှာ ဆိုထားပါတယ်။ ဒီစကားဟာ ဘာ သိပ္ပံပညာမှ မထွန်း ကားမီ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၅၀၀ နီးပါးက စကားဖြစ်ပါတယ်။ အလားတူပဲ ကိုယ်တော်ဂေါတမခေတ်က ဘာသိပ္ပံမှ မထွန်းကားသေးမီ ကြိုပြောခဲ့တဲ့ စကားတွေ ရှိပါတယ်။ ဒါတွေကို သူတို့ ဘယ်လို သိပါသလဲ။ ကိုယ်တော် မုဟမ္မဒ်ရော၊ ကိုယ်တော်ဂေါတမရော စတဲ့ ပုဂ္ဂိုလ်တွေက သူတို့ဟာ အမှန်ကိုပြောတာ။ သူတို့ဟာ လိမ် လည်တာ မဟုတ်ဘူးလို့ ဆိုပါတယ်။ ပြီးတော့ အဲ့ဒီလို အသိများကို သဗ္ဗညုဉာဏ်ဖြင့် သိတယ်လို့ ဝန်ခံပါတယ်။ သူတို့ကို ပုဂ္ဂိုလ်ရေး အရ မယုံရင်တောင်– ပကတိအမှန်ကို ပြောတဲ့ စကားတွေကို ဘယ်လိုငြင်းမလဲ။ ဘယ် လောက် မှန်မှန် ခင်ဗျားတို့ကို ပုဂ္ဂိုလ်ရေးအရ လက်မခံနိုင်ဘူးလို့ ငြင်းရင်၊ ငြင်းတဲ့ သူဟာ လူမိုက်ပဲ ဖြစ်မှာပါ။ ငြင်းချင်ရင်လည်း ကိုယ်ပိုင်ဆုံးဖြတ်ချက်ပါပဲ။

ဒီနေရာမှာ ကျွန်တော်ဆိုလိုတာက ဉာဏ်စဉ် ဆိုတာကိုပါ။ ကျွန်တော့ အတွေးအခေါ်ကို ပြောရရင် ဉာဏ်စဉ်ရ ပုဂ္ဂိုလ်ဆိုတာ ရေဒီယို တစ်လုံးနဲ့တူတယ်။ အဲ့ဒီ ရေဒီယိုက အသံထွက်လာလို့ အသံထွက်လာရာ ရေဒီယိုကို ဂိတ်ဆုံးလို့ မထင်သင့်ဘူးလေ။ အသံထွက်ရခြင်းဟာ ကျွန်တော်တို့ မံသမျက်စိနဲ့ မမြင်နိုင်တဲ့ အသံလှိုင်းကြောင့် ပါ။ အဲ့ဒီ အသံလှိုင်းကလည်း မြစ်လဖစ်မြစ် အသံပင်မဌာန မရှိရင် လာလို့မှာ မရတာ။

တစ်ခုတော့ ရှိတယ်။ အသံပင်ဌာနက လာခဲ့တဲ့ အသံလှိုင်းတွေဟာ ဟလာနယ်ထဲမှာ ပျံ့နေပြီး အသံစီးကြောင်း တိုင်းမှာ ရှိနေပါတယ်။ ဒါပေမယ့် အသံဖမ်းနိုင်အား၊ အသံဖမ်းလိုင်း၊ အသံပြန်ထုတ်မယ့် ကရိယာတွေ မရှိရင် အဲ့ ဒီရေဒီယိုဟာ အသုံးဝင်လာမှာ မဟုတ်ပါဘူး။ လူတိုင်းကတော့ ရေဒီယိုတစ်လုံးချင်းနဲ့ တူညီတဲ့ ဂုဏ်ရည်ကို ပိုင် ဆိုင်ပါတယ်။ စောစောက ပြောတဲ့ အသံဖမ်းနိုင်အား၊ အသံဖမ်းလိုင်း၊ အသံထုတ်ပြန်နိုင်မယ့် အစွမ်းတွေကို တော့

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

မိမိရဲ့ ကျင့်ဆောင်အား အလျောက် ရနိုင်ပါတယ်။ အချို့က အသံဖမ်းနိုင်အား ရှိပေမယ့် အသံပြန်မထုတ် နိုင်ဘူး တနည်းအားဖြင့် ပစ္စေကဗုဒ္ဓလို ဖြစ်ပါတယ်။
ဗုဒ္ဓဖြစ်ခြင်းဆိုတာ– လောကဓမ္မကို ဉာဏ်အားဖြင့် ဖတ်နိုင်ခြင်း၊ စကြာဝဠာအနန္တမှ သိလိုရာ၊ လူတွေသား အတွက် တရားဖြစ်စေမယ့်အရာတွေကို ဉာဏ်အားဖြင့် ဖတ်နိုင်ခြင်းလို့ နဲနဲပိုပြီး နားလည်စေချင်တယ်။ ဉာဏ်ရယ် ဉာဏ်စဉ်ရယ်၊ ဉာဏ်ကိုဖတ်နိုင်အားရယ်တည့်မှီ နေတယ်ဆိုတာကို ဆင်ခြင်စေချင်ပါတယ်။
ကျွန်တော့်အမြင်တစ်ခုပြောပါရစေ။ လူဝင်စားဆိုတာ သံသရာလည်ခြင်းကို ရှင်းနိုင်မယ့် လက်တွေ့တစ်ခုဖြစ်ပါ တယ်။ လူဝင်စားဆိုတာ ဝတ္ထုရှောင်းကောင်းအောင် ရေးထားတာတွေ များပေမယ့် တကယ် အစစ် ရှိတာကို အ နောက်တိုင်းကပါလက်ခံပါတယ်။
လူဝင်စား ဆိုတဲ့ ကိစ္စက ဗုဒ္ဓဘာသာလောကမှတောင် ရှင်းလို့ မပြီးသေးတော့ ကျွန်တော်နဲ့ ရှုပ စာမျက်နှာတွေ အများကြီး ရှင်းရမှာပါ။ (ပစ္စေကကမ္မဗုဒ္ဓတွေက လက်မခံဘူးဖြစ်နေတယ်)။ ထားပါတော့– ဒါတွေက အများကြီး သုတေသနလုပ်ရဦးမှာပါ။ လူဝင်းစား မရှိလို့ ဗုဒ္ဓသီအိုရီ ပျက်စီးသွားမယ်လို့ ကျွန်တော် မယုံကြည်သလို၊ လူ ဝင်စား ရှိတယ်ဆိုလို့လည်း အစ္စလာမ့်သီအိုရီ ပျက်စီးသွားမှာ မဟုတ်ဘူးလေ။ လောကရဲ့ အစနဲ့ အဆုံးဟာ ဌာန သို့မဟုတ် တစ်စုံတစ်ခုတည်းလို့ လက်ခံထားတဲ့ ဘာသာတရားတွေမှာ အစနဲ့ အဆုံးတူပြီဆိုကတည်းက လည် ပတ်မှု တစ်ခုတော့ ရှိနေပြီပေါ့။ ပေတံတစ်ချောင်းလို အစက တစ်ဘက်၊ အဆုံးက တစ်ဘက် ဆိုရင် လည်ပတ် မှု သို့မဟုတ် စက်ဝိုင်းပုံ ဖြစ်နိုင်ဘူး–။ အစ အဆုံး တစ်ခုတည်းဆိုရင် ပေတံတစ်ချောင်းလို မဖြစ်နိုင်ဘူးဆိုတာ ရှုပ ခံစားမိစေချင်တယ်။
–

ဗုဒ္ဓဘာသာကျမ်း အချို့(မှန်မမှန်မသိနိုင်သော) မှာ ဆိုခဲ့တဲ့ အတိုင်း ယခု ကမ္ဘာ အစဟာ ခရစ်ယာန်ကျမ်းများနဲ့ အလွန်နီးစပ်ပါတယ်။ ဒါပေမယ့် အမှန်အမှား သုံးသပ်ဖို့လိုနေသေးတယ်လို့ယူဆရတဲ့ အချက်များပဲဖြစ်ပါတယ်။

---

ကိုအာမ် ကျမ်းက ပြောဆိုတာကို နားလည်မှုများ။ (အဆိုပြုချက်များလို့လဲ ဆိုချင်ပါတယ်) ကျွန်တော်ယူဆပုံ မှားခဲ့ရင် ပြန်ပြင်လို့ရအောင်ပါ။

၁။ ဖြစ်တည်စေတယ်၊၊ ဆိုတဲ့စကားအရ အလ္လာဟ်က ဖြစ်တည်စေတယ်လို့ ယူဆပါတယ်။ ဖန်ဆင်းတာနဲ့ ကွာခြားမှု မရှိဘူးလို့လဲ ယူဆရပါတယ်။ (ကွာခြားရင် ဘယ်လိုကွာကြောင်း ရှင်းစေလိုပါတယ်) ထာဝရ ဘုရား က အများကိန်း နဲ့ အလ္လာဟ်က အနဲကိန်း တစ်ပါးတည်း ဖြစ်တယ်ဆိုတာကို သိပါဘီ။

အရာအားလုံးရဲ့ အကြောင်းက အလ္လာဟ် ဖြစ်တယ်။ ဗုဒ္ဓဘာသာမှာက တစ်ဦးတစ်ယောက် (သို့) အများက ဖန် ဆင်းတယ် ဖြစ်စေတယ် မဟုတ်ပဲ ဘယ်အရာတွေက ဘယ်လိုဖြစ်လာတယ် ဆိုတာသာ တွေ့ရတဲ့ အတွက် ဖြေ ရှင်းပုံ ခြင်း ကွားခြားကြပါတယ်။
ဖန်ဆင်းတယ် ဆိုတဲ့ စကားနဲ့ ဖြစ်တည်တယ်ဆိုတဲ့ စကားဟာ တူသလိုလို ရှိပေမယ့် ကွဲပြားပါတယ်။ ဖန်ဆင်း တာမှာ မြန်မာစကားအရ ကျွန်တော်လေ့လာမိသလောက် အဓိပ္ပါယ် နှစ်မျိုး ရှိပါတယ်။ (၁) **နတ်မင်းကြီးက လူကဲ့သို့ ဖန်ဆင်း၍ လောကကိုကြွလာသည်**– ဆိုရင် ဒီဝါကျက **ဖန်းဆင်းတယ်**ဆိုတာ **ပုံပြောင်းတာ**ကို ဆိုလို ပါတယ်။
နောက်တစ်ခု **ဖန်ဆင်းတယ်** ဆိုတာကတော့ အခုရှုပ နားလည်ထားတဲ့အတိုင်း **ဖြစ်စေဆိုပြီး ဖြစ်လာအောင် ပြုလုပ်ခြင်း** သဘောပါ။ ဒါပေမယ့် ဒီနေရာမှာ ကားတစ်စီးကို ထုတ်လုပ်ခြင်းသဘော၊ အိမ်တစ်ခုကို အစအဆုံး ဆောက်ခြင်းသဘောထက် ပိုပြီး အလျှင်အမြန် ပြီးမြောက်အောင် ပြုလုပ်ခြင်း **ဦးဖွ သဘော** ပါဝင်ပါတယ်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ဖြစ်တည်စေသည် ဆိုတာကတော့ အရာတစ်ခုကို တစ်စခြင်း ဖြစ်တည်လာစေဘို့ နိယာမ၊ ဥပဒေ၊ လောကဓမ္မ အဆင့်ဆင့်ကို ပြဌာန်းခြင်း သဘောဖြစ်ပါတယ်။ ဥပမာ– အိမ်တစ်လုံး ဖြစ်တည်လာစေမယ်ဆိုရင်၊ အဲ့ဒီအိမ် ဖြစ်လာစေမယ့် သစ်သား၊ ဝါး၊ သံ၊ သစ်ကယ်၊ လက်သမား၊– အဲ့ဒီအထဲက သစ်သား– ဆိုရင် ပျည်ပြား ဖြစ်လာဘို့ လိုအပ်တဲ့ လွှ၊ လွှစက်၊ တဖန် လွှ၊ လွှစက် ဖြစ်လာစေမယ့် သံ၊ သံရည်ကြိုစက်၊ သံရည်ကြိုစက်ကို တီထွင်သူ၊ တီထွင်သူမွေးဘို့ မိ၊ဘ– အဲ့ဒီ မိဘ မွေးဘို့ ပထဝီ၊တောဇော၊ အာပေါ၊ ဝါယော– စသည်ဖြင့် နိယာမ အဆင့်ပေါင်းများစွာဟာ လောကဓမ္မမှာ ပြဌာန်းပြီးသား ရှိနေပါတယ်။ သစ်သားနောက်ကို ပြန်လိုက်ရင်လည်း– အဲ့ဒီ အပင်ပေါက်မယ့် ရာသီဥတု၊ ရေ။ မြေ၊ လေ၊ အပူ– အပင်ရှင်သန်စေမယ့် လိုအပ်ချက်အတိုင်းအတာ၊ အပင်ကို သုံးလို့ရမယ့် နှစ်ကာလ----- မဆုံးနိုင်အောင်ပါပဲ။ ကျွန်တော်တို့က အဆင်သင့် စုပုံထားတဲ့ အိမ်ကို မြင်ပြီး– အိမ်မှာပါဝင်တဲ့ အရာဝတ္ထုတစ်ခုချင်းရဲ့ နောက်ကြောင်းဇစ်မြစ် အားလုံးကို မဆန်းစစ်တော့ဘူး ဆိုတော့။ ဖြစ်တည်စေတယ်ဆိုတဲ့ အဆင့်ပေါင်းများစွာကို လိုက်မယ့်အစား – မြှားလာရာကို ကြည့်မနေနဲ့ လူနာကို အရင်ကုလို့ ပြောလိုက်ရတာပေါ့။

ရှုပပြောသလို ဗုဒ္ဓဘာသာမှာ ဘယ်အရာတွေက– ဘယ်လိုဖြစ်လာတယ်ဆိုတာကိုပဲ တွေ့ရတယ်ဆိုတာ– လူနာကို အရင်ကုနေရလို့ပါ။ သစ္စာလေးပါးက ဘယ်လိုဖြစ်လာတာလဲ။ ကိုယ်တော်ဂေါတမ ပွင့်ပြီးမှ ဖြစ်လာတာလား၊ အရင်ကတည်းက ရှိနေတာလား၊ ဘယ်တုံးက စရှိနေတာလဲ။ အဲ့ဒီ သစ္စာလေးပါးဆိုတာ သဘာဝအတိုင်း အ ထိမ်းအကွပ် သို့မဟုတ် သူ့ကို စည်းချိန်ပြဌာန်းထားချက် မရှိဘဲ ဒီအတိုင်း ရှိနေတာလား။ ဒါဆို ဘာဖြစ်လို့ တစ် ခါတစ်ရံမှာ သစ္စာသုံးပါး ဖြစ်သွားလိုက်၊ တစ်ခါတစ်ရံမှာ သစ္စာငါးပါး ဖြစ်သွားလိုက် ဖြစ်မနေတာလဲ။----
အလားတူပဲ– သုံးဆယ့်တစ်ဘုံက တစ်ခါတစ်ရံမှာ ဘုံသုံးဆယ်ဖြစ်လိုက်၊ တစ်ခါတစ်ရံမှာ သုံးဆယ့်နှစ်ဘုံ ဖြစ်လိုက် ဘာဖြစ်လို့ မဖြစ်ဘဲ တစ်သမတ်တည်း တည်နေတာလဲ--- နဲနဲစဉ်းစားပေးပါလား။

၂။ ကမ္ဘာကြီးကို သက်ရှိ အဖြစ် ယူဆပါတယ်။ (အခြား ဘာသာအားလုံးနဲ့ ကွာခြားတယ်လို့ ထင်ပါတယ်)
အချို့ကိစ္စတွေမှာ ကွာခြားတယ်လို့ ထင်မြင်နိုင်ပါတယ်။ ကိုယ်တော်မုဟမ္မဒ်ရှေ့က ကိုယ်တော်တွေက အလုံးစုံကို ပြောပြီးသားဖြစ်ရင် ကိုယ်တော်မုဟမ္မဒ် ပွင့်စရာ မလိုတော့ဘူးလေ။ ကိုယ်တော်ဂေါတမက ကမ္ဘာကို သက်ရှိလို့ မပြောခဲ့ပေမယ့်။ သက်မဲ့လို့လည်း မပြောခဲ့ပါဘူး။ ဒီတော့ ကွာခြားပေမယ့် ဆန့်ကျင်တယ်လို့ ပြောလို့ မရကောင်းဘူးထင်တယ်။

၃။ အာဒံ ရှေ့ သမိုင်းမတင်မီ ကာလမှာလဲ လူများရှိတယ်လို့ ကိုအာမ်က ဆိုခြင်းကို နားလည်ပါဘီ။ နောက် အာဒံကို စွန်းဦး တီထွင်သူများ လူခေါင်းဆောင်များကို ခေါ်တယ်လို့လဲ ရှင်းထားပါတယ်။
အာဒံဆိုတာ သမိုင်းတစ်ခုကို စတင်မှတ်တမ်းတင်ခံရသူ ဖြစ်တယ်။ သူ့ရှေးကလည်း လူသားတွေ ရှိနေတာပဲ။ ဥပမာ အနော်ရထာလိုဖြစ်ပါတယ်။ ဒီဥပမာကို ကျွန်တော်ပေးပြီးပြီထင်ပါတယ်။ ဒါပေမယ့် ဆက်ပြောပါရစေ– အနော်ရထာ မတိုင်မီက မြန်မာနိုင်ငံ ဆိုတဲ့ နယ်မြေထဲမှာ လူတွေ ရှိနေပါတယ်။ ဒါပေမယ့် အနော်ရထာဟာ ထင်ရှားတဲ့ မြန်မာဇရိယာကို စတင်သတ်မှတ်သူလို့ ဆိုနိုင်တယ်။ ဒီတော့ သူဟာ မြန်မာနိုင်ငံရဲ့ အာဒံ ဖြစ်ပါတယ်။ ထင်ရှားစွာ စတင် သမိုင်းဝင်သူပေါ့– တကယ်လို့ ဒွတ်တဘောင်မင်းသာ လက်ရှိမြန်မာ ဇရိယာ အတွက် စတင်ထင်ရှားခဲ့ရင် ဒွတ်တဘောင်မင်းက မြန်မာနိုင်ငံရဲ့ အာဒံ ဖြစ်မှာပါ။ ဒါက သီအိုရီပိုင်းပါ။ သာမန်လူတွေက တော့ ဒီအဆင့်ထိ နားလည်ရမှာကို ခက်နေမှာပါ။ တနည်းအားဖြင့် အရာတစ်ခုရဲ့ ဖခင်ပေါ့ဗျာ။

၄။ အလ္လာဟ်ဟာ ပုံသဏ္ဍာန် အတိအကျ မရှိပါ။ ထာဝရဘုရားကတော့ လူနဲ့တူတယ်ဆိုတာ နားလည်ရပါတယ်။
ပုံသဏ္ဍာန်အတိအကျ မရှိဘူးဆိုတာထက် အသင်္ကေတ ဖြစ်တယ်လို့ ခံစားစေချင်ပါတယ်။ နိဗ္ဗာန်ကို ဘယ်လို ခံစားပါသလဲ၊ အဲ့ဒီအတိုင်း ခံစားရင် အလွန့်အလွန်နီးကပ်ပါတယ်– ခင်ဗျာ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

လေးစားစွာဖြင့်

ထွန်းထွန်းအောင်

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com